"အရှင်ဘုရား....ဒီဟာကို ဘာခေါ်ပါသနည်း"ဟု မေးလေသည်။

အရှင်သာရိပုတြာ။ ။ရေမြောင်းခေါ်တယ်, ကိုရင်။

ကိုရင်။ ။ဒီရေမြောင်းနဲ့ ဘာလုပ်ကြရပါတုန်း အရှင်ဘုရား။

အရှင်။ ။ဒီရေမြောင်းက ရေတွေကို လယ်ထဲသို့ သွင်းယူပြီး လယ်လုပ်ကြရတယ်, ကိုရင်။

ကိုရင်။ ။အဲဒီရေတွေဟာ လူတွေလို စိတ်ရှိပါသလား။

အရှင်။ ။စိတ်မရှိဘူး, ကိုရင်။

ကိုရင်။ ။ဒီလို စိတ်မရှိတဲ့ရေကို ကိုယ်လိုချင်ရာယူလို့ ရနိုင်ပါသလား အရှင်ဘုရား။

အရှင်။ ။အေး ရနိုင်တာပေါ့, ကိုရင်။

ဤသို့ မေးမြန်းပြီးနောက် ကိုရင်ပဏ္ဍိတ စဉ်းစားသည်မှာ– "စိတ်မရှိတဲ့ ရေတောင် ကိုယ်လိုချင်တဲ့နေရာ ယူဆောင်လို့ရသေးလျှင် စိတ်ရှိတဲ့လူတွေဟာ ဘာပြုလို့ ကိုယ့်သဘောကျသလိုထား၍ တရားအားမထုတ်နိုင်ဘဲ ရှိရမှာလဲ" ဤသို့ စဉ်းစားမိလေသည်။

**မြှားဖြောင့်ပုံကို မေးခြင်း။** ။ဤသို့ စဉ်းစားရင်း ရှေ့သို့ သွားပြန်သော် လေးသမားတွေ မြှားအကောက်ကို မီးကင်၍ ဖြောင့်အောင် ပြင်နေကြသည်ကို မြင်ပြန်သဖြင့် အရှင်သာရိပုတြာကို မေးပြန်လေရာ အရှင်သာရိပုတြာလည်း ကောက်သော မြှားကို ဖြောင့်အောင် ပြင်နေကြကြောင်း မိန့်တော်မူလေသည်၊ ထိုအခါ